ရေငံ(တ)ကျေးရွာ
ရေငံကျေးရွာအုပ်စု၊မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ရေငံ(တ)ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့်
ရေးဆွဲပါသည်။)

ဒီဇင်ဘာလ ၊၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

(ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

**၁။ စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ရေင်(တ)ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာအားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏

အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဒီဇင်ဘာလ၊၂၀၂၂ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ရေငံ(တ)ကျေးရွာ

မင်းလှမြို့နယ်

# သယံဇာတပြမြေပုံ



# ရာသီခွင်ပြ ပြက္ခဒိန်



# အဖွဲ့အစည်းများပြပုံ



၅။ **<u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>**

ရေငံ(တ)ကျေးရွာသည် ပုသိမ်-မုံရွာ လမ်းအရှေ့ဘက်၂ မိုင် ဖ ဖာလုံ အကွာအဝေးတွင် တည်ရှိပြီး မြေနီလမ်းဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးအတော်အသင့် ကောင်းမွန်သောကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသပေါ်တွင် တည်ရှိပြီး ကျေးရွာ အနီးတွင် ချောင်းများတည်ရှိပါသည်။ အရှေ့ဘက်တွင် စက်စက်ယိုကျေးရွာ ၊အနောက်ဘက်တွင် အောက်ကိုင်းကျေးရွာ၊တောင်ဘက်တွင် ငလှိုင်ကျေးရွာ ၊ငါးဘတ်အိုင်ကျေးရွာတို့နှင့် နယ်နိမိတ် ထိစပ် လျှက်ရှိပါသသည်။အဓိကထားရသော စိုက်ပျိုးသီးနှံများမှာ မြေပဲ၊ နှမ်း၊ ဝါ၊ ပြောင်း၊ ပဲကြီး၊ ကုလားပဲ၊ ပဲစဉ်းငုံ၊ စိုက်ပျိုးပြီးဆောင်းရာသီတွင် ခရမ်းချဉ် ၊ငြုပ် ၊ကြက်သွန် စိုက်ပျိုးသူ အနည်းငယ် မျှသာစိုက်ပျိုးပါသည်။ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် ရာသီဥတု မမှန်၍ နှစ်စဉ်သောက်သုံးရေ အခက်အခဲကြုံတွေ့ရပါသည်။

ရေငံ(တ)ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း ပူးပြင်းခြောက်သွေ့၍ မိုးနည်းရေရှားရပ်ဝန်းဒေသတွင် တည်ရှိပါသည်။ မြေယာအသင့်အတင့်ရှိပြီး မြေဆီလွှာကောင်းများကို ပိုင်ဆိုင်ထားသောဒေသဖြစ်ပါသည်။သဘာဝတွင်းထွက်ဖြစ်သည့် ရေနံ၊ကျောက်မီးသွေးများ ထွက်ရှိသည့် ဒေသအနီးတွင် တည်ရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ ရှိသော်လည်း အသိပညာ ဗဟုသုတ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါသည်။ ကျေးရွာတွင် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ **<u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ရေငံ(တ)ကျေးရွာသည် အိမ်ထောင်စုပေါင်း (၇၅)အိမ်၊ ကျား (၁၁၆)၊ မ(၁၄၁)ဦးဖြင့် လူဦးရေစုစုပေါင်း (၂၅၇)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူငယ်များပေါများပြီး လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

( ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ရေငံ(တ)ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် အကဲဖြတ်သော ဥစ္စာဓန အဆင့်ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲချမ်းသာမျှတမှု ရှိပါသည်။ အိမ်ထောင်စု (၇၅)စု၏ (၂၀%)ခန့်သည် ဆင်းရဲပြီး (၈၀%)ခန့်မှာပြေလည်မှုရှိပါသည်။ဆင်းရဲသည်ဟု သတ်မှတ်သူများမှာ မြေယာမဲ့များ

နှင့် စိုက်ပျိုးမြေ ကေ(၈)ကေမှ (၁)ကေအထိ ပိုင်ဆိုင်ပြီး ကျဘမ်းအလုပ်သမားများ ဖြစ်ပါသည်။ အိမ်အခြေအနေမှာ သွပ်မိုး၊ ထရံကာ၊ လေးပင်အိမ်နှင့် သုံးပင်အိမ် အမျိုးစားဖြစ်ပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေကေ (၂)ကေမှ (၁၀)ကေ ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်ကုန်သည် လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ ပျဉ်ခင်း၊ ပျဉ်ကာ၊ အောက်ခံတိုက်၊ နှစ်ထပ်တိုက်များ ဖြစ်ပြီး၊ ကုန်တင်ကားနှင့် ထွန်စက်ပိုင်ဆိုင်သူများဖြစ်ပါသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု အနေအထားကြောင့် စီးပွားရေး အဆင့်အတန်း ဆင်းရဲချမ်းသာ မျှတမှုရှိပါ သည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ၊ မုဆိုးဖို၊ တစ်ခုလပ်များ၊ အခြား ဒေသသို့အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ အဆင်းရဲဆုံးတောင်သူများ နှင့်မြေယာမဲ့ လက်လုပ်လက်စားများ ဖြစ်ကြပါသည်။ ၎င်းတို့သည် အသက်မွေးဝမ်း ကြောင်းလုပ်ငန်း ပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများ ဖြစ်ကြပါသည်။ ကျေးရွာရှိဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမို ရရှိရန် ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း တွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုကြောင့် ၎င်းအိမ်ထောင်စုတို့မှာ ထိခိုက်လွယ်မှု အခြေအနေမှာ ပုံမှန်အဆင့်သာရှိပါသည်။

(ဃ) **ကျန်းမာရေးနှင့်အာဟာရ**

ရေငံ(တ)ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ရာသီအလိုက် ဖျားနာ ခြင်း၊ အအေးမိတုပ်ကွေး၊ သွေးတိုး၊ လေးဘက်နာ၊ လေဖြတ်ရောဂါများ၊ အသက်ရှူ လမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး၊ ဇွန်လနှင့် ဩဂုတ်လ မိုးရာသီတွင် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများ အဖြစ်များပါသည်။ အနီးဆုံး ဆေးရုံမှ (၁၉)မိုင်အကွာတွင် ရေနံမတိုက်နယ်ဆေးရုံနှင့် မင်းလှပြည်သူ့ဆေးရုံမှာ (၅၀)မိုင်ခန့် အကွာတွင် သွားရောက်ကုသရပါသည်။

( င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ရေငံ(တ)ကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်းပညာရေးအဆင့် သာရှိပြီးကျန်အများစုသည် အခြေခံ အရေး ၊အဖတ် ၊ အတွက် ၊ အချက် တတ်မြောက် ကြသည်။ မူလတန်းအဆင့်ရှိသူ ကျား (၁၈) ဦး ၊ မ (၁၈)ဦးရှိပြီး ပေါင်း (၃၆)ဦး၊

အလယ်တန်းအဆင့် ရှိသူများ ကျား(၉)ဦး ၊ မ (၆)ဦး ၊ စုစုပေါင်း (၁၅)ဦး ၊ အထက်တန်းအဆင့်ရှိသူ ကျား(၂)ဦး ၊ မ (၂)ဦးရှိပြီး ပေါင်း(၄)ဦး ၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ ကျား(၃)ဦး ၊ မ (၃)ဦးရှိပြီး ပေါင်း (၆)ဦး ရှိပါသည်။

( စ) **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား-မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။လုပ်အားခ သတ်မှတ်ရာတွင် ကျား-မ တူ ညီမှုရှိပြီး ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ရေင်(တ)ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့ ၊ အရန်မီးသတ်အဖွဲ့ ၊ ချက်ဖိုအဖွဲ့ ၊ လူငယ်အဖွဲ့၊ လမ်းကော်မတီနှင့်ကျောင်းအကျိုးတော်ဆောင် အဖွဲ့စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများ မှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ကျေးရွာသို့ လာရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

( ခ) **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

ရေင်(တ)ကျေးရွာတွင် နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။ မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် တောင်သူ (၇၃)ဦး ရှိ၍ လယ်မြေ(၅၈.၅၀)ကေ၊တောင်ယာမြေ ကေ(၃၀၃) ၊မြေလွတ် မြေရိုင်း (၁၀၃)ကေရှိပြီး စုစုပေါင်း စိုက်ပျိုးကေမှာ (၄၆၄.၅၀)ရှိပါသည်။ စပါး၊နှမ်း ၊ ပဲစဉ်းငုံ ၊ မိုးမြေပဲ သီးနှံများအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး ကုလားပဲအား ဝါဆိုလ နှင့် ဆောင်းမြေပဲကို တော်သလင်းလတွင် စိုက်ပျိုးပါသည်။နှစ်စဉ်ရာသီဥတုဖောက်ပြန်

သောကြောင့် သီးနှံအထွက် နှုန်းလျော့ကြပါသည်။ ထွန်ယက်ရန်အခြားကျေးရွာများမှ ထွန်စက်ပိုင်ရှင်များထံမှ ငှားရမ်းအသုံးပြုရပါသည်။ ငွေကြေးမလုံလောက်၍ ချေးငွေယူလုပ်ကိုင်ကြရပါသည်။ လုပ်သားရှားပါး သောကြောင့် ငှားရမ်းလုပ်ကိုင်ရပါသည်။ ပဲကြီး ၊ ကုလားပဲနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ဝင်ရောက်မှု ပိုမိုတွေ့ရပြီး ၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်း နိုင်သော နည်းစနစ်ကို လိုလားကြပါသည်။ ကျေးရွာတွင် ငွေချေးပေး သူများထံမှ ချေးငှား၍ ရသော်လည်း အတိုးနှုန်း မြင့်မားပါသည်။ ပိုးသတ်ဆေးနှင့် ဓါတ်မြေဩဇာ ကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

## ( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရေင်(တ)ကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ်ရှိပါသည်။ နေ့စားအလုပ်များမှာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဈေးရောင်း ၊အစိုးရဝန်ထမ်း လုပ်ငန်းတို့ကို လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမမှန်ခြင်း ကြောင့်တစ်ချို့မှာ တနယ်တကျေး ဖြစ်သောပြည်တွင်း၊ ပြည်ပသို့ အလုပ်လုပ်ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများတစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင်အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ စက်ချုပ်၊ ဇာထိုး၊ပန်းထိုး ၊ဆံပင်မိတ်ကပ်၊ အလှပြင် စသည့် အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် ရွာသားအများစုသည် အတွေ့ကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာ အရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေး အဆင်ပြေသော အိမ်ထောင်စု အချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန် အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ရေင်(တ)ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာ သုံးစွဲမှု

များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတု မမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ကျွန်း ၊ အင်ကြင်း ၊ ရှား ၊ သစ်ရာ ၊ ပိတောက် ၊ ဒဟတ် ၊ သန်းနှင့် ဇီးစသည့် ဆူးခြုံတောအပင်များရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန် ၊ စနစ်ကျသော  စီမံခန့်ခွဲမှုနည်းပညာများ သင်ယူစေခြင်းဖြင့် တော ၊တောင် ရေမြေနှင့် သဘာဝ ပတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာ ရောက်စေပါမည်။

## ( င)  ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ရေငံ(တ)ကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေမရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေ ရရှိနိုင်မှုမရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း (၇%) နှုန်းဖြင့် ချေးယူကြရသည်။

ကျေးရွာသားများသည် ချေးငွေများကို အကြောင်းအရင်းမျိုးစုံ၊ ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရသဖြင့်ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် မိတ်ဆွေမိသားစုထံမှ (၁၅%) နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအနေဖြင့် နိုင်ငံတော်မှ ချေးယူစီမံကိန်းများ(ဥပမာ-မြစိမ်းရောင် ကျေးရွာစီမံကိန်း) ချထားရန်လိုအပ်ချက် ရှိကြောင်း တွေ့ရှိရပါသည်။

## ( စ)  ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ရေငံ(တ)ကျေးရွာတွင် ပညာရေးအနေဖြင့် အလယ်တန်းကျောင်းဖြစ်ပြီး အလယ်တန်းအတွက် အလျား(၉၀)ပေ အနံ(၃၀)ပေရှိ သွပ်မိုးအုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်ရှိပြီး မူလတန်းအတွက်အလျား(၆၀)ပေ အနံ(၃၀)ပေ

ကျောင်းဆောင်ရှိပြီး အခင်းအတွက် အင်္ဂတေခင်းမရှိပေ။ကျောင်းတွင်လည်း ကျောင်းပရိဘောဂ ၊ကစား ကွင်း၊ သင်ထောက်ကူပစ္စည်းများ ရှိသည်ကိုတွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေ အချိုးမှာ ၄၀း၁ ရှိခြင်းကြောင့် အတန်းလိုက်အားဖြင့် ဆရာ/ ဆရာမလုံလောက်မှု မရှိပါ။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ် ၊ ဖတ်တတ်ကြသည် ကိုတွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး)သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ်၊ဖတ်တတ် ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသောကြောင့် ဗဟု သုတနည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ် ကောလိပ်အထိ ပညာသင်ကြားနေသူ (၂၃၅)ယောက် ရှိပါသည်။ ကျေးရွာ၏ တိုးတက် မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍအတွက် အခြေခံအဆောက်အဦး ၊ ပရိဘောဂ ၊ ကစားကွင်း ၊ ရေလုံအိမ်သာ ၊ သင်ထောက်ကူ ၊ ဝန်ထမ်း ၊ဝန်ထမ်းအဆောက် အဦးများ လုံလောက်စွာ ချထားပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါ။ ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးကြီးကြပ်(၂)ကိုသာ အားကိုးနေရ ပါသည်။ ကျေးရွာမှ(၁၅)မိုင် ကွာဝေးသော ရေနံမတိုက်နယ်ဆေးရုံသို့ သွားရောက် ကုသရာတွင် အရေးပေါ် လူနာများ၏ အသက်အာမခံချက်မှာ များစွာအားနည်း ပါသည်။

ကျေးရွာတွင် ရေကန်ကိုသာ အဓိက အားထားရပါသည်။ သောက်သုံး ရန်အတွက် ရေအတွက်အခက်အခဲရှိပြီး ကျန်းမာရေးနှင့် မညီညွတ်ပါ။ သုံးရေ ၊ ချိုးရေ အတွက်သာ အသုံးဝင်ပါသည်။ ကျေးရွာအနေဖြင့် တစ်နှစ်ပါတ်လုံး ရေလုံလောက်မှု ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျန်းမာရေး နှင့် သောက်သုံးရေအတွက် အဝီစိတွင်း (ရေချို)ရရှိရန်လိုအပ် ပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများ နှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိခြင်း ၊ စာပေဟောပြောပွဲများများ မရှိခြင်းတို့ကြောင့် လူငယ်များမှာ အလုပ်လုပ်ချင်သော်လည်း ဗဟုသုတမရှိခြင်းကြောင့် စနစ်တကျ အလုပ်မလုပ်တတ် သည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ဘောလုံးကန် ၊ ခြင်းခတ် ၊ ဘောလီဘော ကစားခြင်းတို့ကို ကျွမ်းကျင်တတ်မြောက်မှုရှိသော်လည်း အားကစားကွင်း မရှိသော ကြောင့်ချထားပေးစေလိုပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ရေငံ(တ)ကျေးရွာတွင် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား၊ လှည်း ၊ နွားများကို အသုံးပြုသောကြောင့် ရွှံ့ဗွက်များဖြင့် မကောင်းပါ။ ရေငံ(တ)မှ မင်းလှသို့ သွားလာရာတွင် ဆိုင်ကယ်၊ ကားများကိုသာ အသုံး ပြုရပါသည်။

ရေငံ(တ)ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် လျှပ်စစ်ဓါတ်အားသုံးစွဲနိုင်မှုမရှိပါ။ အဆင်ပြေသော မိသားစုများသည် ဆိုလာပြားများ ဝယ်ယူသုံးစွဲနိုင်သော်လည်း အဆင်မပြေသော မိသားစုများမှာ မီးသုံးစွဲနိုင်မှု မရှိသေး သည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်း၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

ရေငံ(တ)ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းစွာ ရှိပါသည်။ ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာတတ်စေရန် နယ်မြေရဲကင်းမှ တစ်နှစ်တစ်ကြိမ် (သို့) နှစ်ကြိမ်ခန့်မျှ မှုခင်းဖြစ်ပွားမှုနည်းအောင် အသိပညာပေးဟောပြောပွဲများ လာရောက်ပြုလုပ်သည့်အတွက် ကျေးရွာလူထုမှ ဥပဒေအသိပညာများ ရရှိပါသည်။ ကျေးရွာတွင် မှုခင်းများမရှိသလောက် နည်းပါးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း မီးဆိုသည်မှာ တစ်ကယ်တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ သင်တန်းများ ပေးစေလိုပါသည်။

( ဇ) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ရေငံ(တ)ကျေးရွာရှိ လူဦးရေ၏ ၇၀% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအား

ဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများအတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။ ရေငံ(တ)ကျေးရွာတွင် စားကျက်မြေ (၁၁၄.၅၁)ဧက ၊ မြေလွတ်မြေရိုင်းမြေလပ် (၁၀၃)ဧက ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေများသည် မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ်နွားများကိုလည်း မွေးမြူကြသည်။ မွေးမြူရေးအတွက် အလားအလာကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများ ဖွင့်လှစ်ရန်လိုအပ်သည်။

## (၂) အဟန့်အတားနှင့် စိန်ခေါ်မှု

ရေငံ(တ)ကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုအားနည်းသည် ကိုတွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ဝါ ၊ ပဲကြီး ၊ မြေပဲ ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျ ဆင်းလျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့်နှမ်းသီးနှံများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ်ဆေးများကိုခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့်နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ်အတွက် ပုံစံ(၇)ရှိမှ သာထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှ အတိုးကြီးစွာချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေး

ပါ။တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျှက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း အနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျှက်ရှိပါသည်။

# မင်းလှမြို့နယ် ရေငံကျေးရွာအုပ်စု ၊ ရေငံ(တ)ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျန်းမာရေး** | | | | | |
| | ရုတ်တရက်ဖြစ်ပေါ်လာ | -ဆေးဝါးလုံလောက်မှုမရှိခြင်း | ကျေးလက်ဆေးပေးခန်း | | ကျန်းမာရေးဦးစီးဌာနနှင့် | -ကျေးလက်ကျန်းမာရေး ဆေးပေး |
| | သည့်ကျန်းမာရေးကိစ္စများ | | တည်ဆောက်ရန်မြေနေရာ | | ချိတ်ဆက်၍ တင်ပြတောင်း | ခန်းတင်ပြတောင်းခံခြင်း |
| | အတွက် အခက်အခဲရှိခြင်း | | ရှိခြင်း | | ခံခြင်း | - |
| | | | ကျေးရွာမှ လုပ်အားထည့် | | | |
| | | | ဝင်နိုင်ခြင်း | | | |
| ၂ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | -ရွာတွင်းလမ်းများ | - မြေသားလမ်းဖြစ်နေခြင်း | - ကျေးရွာလူထုမှလုပ် | - | - ရွာတွင်းလမ်းကွန်ကရစ် | - ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| | မကောင်းခြင်း | - ရွှံ့ဗွက်များထူနေခြင်း | အားနှင့်ငွေကြေးထည့် | | ခင်းခြင်း | -ကျေးရွာအဝင်လမ်းနှင့်တံတားတင် |
| | -သစ်သားတံတားမှဆွေး | - မြေစီးများဖြစ်နေခြင်း | ဝင်နိုင်ခြင်း | | -တံတားသစ်တည်ဆောက် | ပြတောင်းခံခြင်း |
| | နေခြင်း | မိုးရာသီတွင် ချောင်းကိုဖြတ်၍ | | | ခြင်း | |
| | | သွားရခြင်း | | | | |
| | -လျှပ်စစ်မီးမရရှိခြင်း | -မြို့နှင့်အလှမ်းကွာဝေးခြင်း | - | ငွေကြေးမတတ်နိုင်ခြင်း | - မီးလင်းရေးကော်မတီ | လျှပ်စစ်မီးသွယ်တန်းခြင်း |
| | | - မဟာဓာတ်အားလိုင်း | | | ဖွဲ့စည်း၍ လျှပ်စစ်ဦးစီး | |
| | | နှင့်ဝေးကွာခြင်း | | | ဌာနနှင့် ချိတ်ဆက် | |
| | | | | | ဆောင်ရွက်ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | ကျေးရွာတွင်းတရိစ္ဆာန်သောက်သုံး | -ကျေးရွာတွင်းတရိစ္ဆာန် | - ကျေးရွာလူထုမှ လုပ် | - လက်ရှိမြေသားရေ | -ရေကော်မတီဖွဲ့စည်း၍ | - မြေသားရေကန်တူးဖော်ခြင်း |
| | ရန်နှင့် ချိုးရေအလွယ်တကူ မရ | သောက်သုံးရေလုံလောက်မှုမရှိ | အားထည့်ဝင်နိုင်ခြင်း | ကန်တွင်ရေအလုံအ | ကျေးလက်ဦးစီးဌာနနှင့် | -ဆိုလာရေတင်စနစ်ဆောင် |
| | ရှိခြင်းနှင့်ရေလုံလောက်မှုမရှိခြင်း | ခြင်း | | လောက်သိုလှောင်နိုင် | ချိတ်ဆက်ဆောင်ရွက် | ရွက်ခြင်း |
| | ရေတင်စက်ပျက်စီးမှုများခြင်း | အချိန်မှီပြုပြင်နိုင်မှုမရှိခြင်း | | ရေးပြုပြင်ရန်လိုအပ် | ခြင်း | |
| | | | | ခြင်း | | |
| | | | | ငွေကြေးမတတ်နိုင်ခြင်း | | |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ
(၁)	ကျေးရွာလူမှုစီးပွားရေးအခြေအနေ
(က)	လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၄ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃ | ၈ | ၁၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၉ | ၁၀ | ၁၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၁ | ၄ | ၁၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၉ | ၁၀၀ | ၁၈၉ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၁၇ | ၂၃ | | |
| စုစုပေါင်း | | ၁၁၆ | ၁၄၃ | ၂၅၉ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၇၅ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅) နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ ၁၄နှစ်ဆိုသည်မှာအသက် (၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅)နှစ် မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ရေငံ(တ)ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၇၅)စုရှိပြီး ကျား(၁၁၆)ဦး၊မ(၁၄၃)ဦး စုစုပေါင်း (၂၅၉) ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄)ဦးနှုန်းရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ် (၁၅၁)ဦး ရှိသော်လည်းထိုသူများအတွက် အလုပ်ပေးနိုင်မှုအားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ)	အလုပ်လုပ်နိုင်သူအင်အား
(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | လုပ်ငန်းမဟုတ်ေသာအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၁ | ၈၇ | | ၄၂ | ၄၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၄ | ၅၃ | | ၂၈ | ၂၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချောစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ဝန်ထမ်း | | | | | | | ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၇၅ | | ၅ | ၇၀ | ၇၀ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ကုန်းစုံဆိုင်(၁)ဦး၊ပို့ဆောင်ရေးအတွက် မော်တော်ယာဥ်ပိုင်ဆိုင်သူ(၁)ဦး နှင့်သက်မွေး လုပ်ကိုင်သူ(၃)ဦး၊ ခန့်သာရှိ၍ လစဉ်ပုံမှန်ဝင်ငွေရှိသော မိသားစုနည်းပါး ပါသည်။ စိုက်မွေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်နိုင်ရေး ဖန်တီးပေးရန်နှင့် စိုက်ပျိုးရေး နှင့်ပတ်သက်သည့် ဝန်ဆောင်မှုများရရှိရန် လိုအပ်လျှက်ရှိကြောင်းတွေ့ရသည်။။

**(ခ-၂)  လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃)  လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။လယ်ယာလုပ်ငန်းတွင်လုပ်ကိုင်ကြသော လုပ်သားများသည် ရာသီချိန်တွင်သာ အလုပ်ရရှိနိုင်ကြပါသည်။ လုပ်အားခနှုန်းထားများမှာ ကျား/မ တန်းတူညီမျှစွာရရှိကြပါသည်။

**(ဂ)	သဘာဝရင်းမြစ်များ**

**(ဂ-၁)	စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၈.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၀၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၁၁၄.၅၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၁၀၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| စုစုပေါင်း | ၅၇၉ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၅၇၉) ဧက ရှိသည်။ထိုဧကများတွင် စပါး၊နှမ်း၊ ဝါ၊ မြေပဲ ပဲစဉ်းငုံသီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ချဉ်မှုင်ရှည် ဝါ၊ ကုလားပဲ၊ သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်သာဖြစ်ပြီး သဘာဝမိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်မြေလွတ်မြေလတ်များစွာ ရှိသည်ကိုလည်းတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| စိမ့်စမ်း) | | | |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။နွားစာနှင့် သဘာဝဆေးဘက်ဝင် အပင်များရှိသော်လည်း ၊ဗဟုသုတနည်းပါးသည့်အတွက် ထိရောက်စွာအသုံးမပြုနိုင်ပါ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေ ောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၉ | ၄၁ | ១ | |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

